ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၁၇) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၀၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ ၂-၅-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်း မရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဦးဇခုန်တိန့်ယိန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) နှင့် ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားခဲ့သူ မရှိပါ။ ယနေ့ခွင့်ပန်ကြားသူ(၁၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူများကို ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(င)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များ အတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ယခုအချိန်အထိ ခံစားခွင့်မရရှိသေးသည့် ကိစ္စ အတွက် မည်သို့ ဆောင်ရွက်ထားသည်၊ မည်သည့်အချိန်တွင် ထုတ်ပေးသွားမည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များ အတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ယခုအချိန်အထိ ခံစားခွင့်မရရှိသေးသည့် ကိစ္စအတွက် မည်သို့ဆောင်ရွက်ထားသည်၊ မည်သည့်အချိန်တွင် ထုတ်ပေးသွားမည်တို့ကို သိရှိလိုခြင်း နှင့် စပ်လျဉ်း၍ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်မှာ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာ ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်တဲ့ လစဉ်ချီးမြှင့်ငွေနဲ့ စရိတ်တို့ကို အခုအချိန်အထိ ခံစားခွင့် မရရှိသေးတဲ့ ကိစ္စနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းသွားဖို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်နဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀၊ ပုဒ်မ ၂၁(ဂ)မှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဥ် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက် ရမယ်လို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်နဲ့ အညီပဲ ဒီလိုခံစားခွင့် ရရှိနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရုံးကနေပြီးတော့ ၁၆-၁၀-၂၀၁၅ ရက်စွဲပါ စာအမှတ် ၂/ ဘ၀-၂ (စ ၁)/ ကမရနဲ့ ဒီလိုခံစားခွင့် ပြုနိုင်ဖို့ရန်အတွက် လစဥ်ချီးမြှင့်ငွေ နှုန်းထားတွေနဲ့တကွ သက်ဆိုင်ရာ နိုင်ငံတော်အစိုးရကို ပေးပို့ဆောင်ရွက်ပြီးကြောင်းလည်း သိရပါတယ်။

အဲဒီမှာ လစဥ်ချီးမြှင့်ငွေ နှုန်းထားတွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ ကော်မရှင် အဖွဲ့ခွဲဝင် ဥက္ကဋ္ဌအတွက် ကျပ် (၃၆၀၀၀၀)၊ အဖွဲ့ဝင်အတွက် (၃၃၀၀၀၀)၊ ခရိုင်နဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကြီးအဆင့်ရဲ့ ဥက္ကဋ္ဌအတွက် ကျပ်(၃၃၀၀၀၀)၊ အဖွဲ့ဝင်အတွက် (၃၀၀၀၀၀)၊ မြို့နယ်အဆင့် ဥက္ကဋ္ဌအတွက် ကျပ်(၃၀၀၀၀၀)၊ အဖွဲ့ဝင်အတွက် (၂၇၀၀၀၀)နဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအဆင့် ဥက္ကဋ္ဌများအတွက် ကျပ်(၉၀၀၀၀)၊ အဖွဲ့ဝင်များ အတွက် (၇၀၀၀၀) အသီးသီး တင်ပြထားပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အဲဒီ့အပြင် ကျွန်တော် တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက် မြောက်နေ့ ၂၄-၃-၂၀၁၅ မှာ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင် တင်သွင်းခဲ့တဲ့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များအဖြစ် တာဝန်ထမ်းဆောင်နေကြသူများအား နိုင်ငံတော်၏ ဘဏ္ဍာငွေမှ သင့်တင့်လျောက်ပတ်သည့် စရိတ် ချီးမြှင့်ငွေ ခံစားနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၌ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးသင့်ကြောင်းဆိုတဲ့ အဆိုကို လွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။

ဒီလို လွှတ်တော်ကို တင်ပြီးတော့ အဆုံးအဖြတ်ရယူတဲ့အခါမှာ ဒီအဆိုဟာ ထောက်ခံမဲ (၃၁၂) မဲ၊ ကန့်ကွက်မဲ(၄)မဲနဲ့ ကြားနေမဲ (၁၅)မဲဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဆိုနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကို က လာရောက်ဆွေးနွေး တဲ့ နေရာမှာလည်းပဲ နိဂုံးပိုင်းမှာ အများယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်များရဲ့ လစဥ် ထောက်ပံ့ ကြေး အနေနဲ့ လစာ (သို့မဟုတ်) ချီးမြှင့်ငွေ ခံစားခွင့် ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလိုတဲ့ ဆန္ဒ ရှိသော်လည်း ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများ မရှိသည့်အတွက် ထိုက်သင့်သော ထောက်ပံ့ကြေးပေးရန် ဥပဒေတစ်ရပ် ပြဋ္ဌာန်းထုတ်ပြန်ပေးသင့်ပါကြောင်း အဆိုအား ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါသည်လို့ တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒါပေမယ့်လို့ ဒီကနေ့ အချိန်အထိ ကော်မရှင် အဖွဲ့ခွဲဝင်များဟာ အများယုံကြည်လေးစား ခံရတဲ့ ပုဂ္ဂိုလ်များအဖြစ် ဥပဒေပြဋ္ဌာန်းချက်အရ သတ်မှတ်တာဝန်ပေးခဲ့သူများဖြစ်တဲ့အတွက်ကြောင့် ငွေကြေးအကျိုးခံစားခွင့် မျှော်လင့်ချက်အရဆောင်ရွက်ခဲ့ကြတာ အဓိကမဟုတ်သော်လည်းပဲ ဥပဒေပါ အခွင့်အရေးကို ဥပဒေနဲ့အညီ ရရှိလိုကြကြောင်းလည်းပဲ သတင်းပေးပို့ သိရှိရပါတယ်။ သို့တိုင်အောင် ကနေ့အချိန်အထိ ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ သတ်မှတ်ထားသော လစဥ်ချီးမြှင့်ငွေနဲ့ စရိတ်များ

ရရှိမည်၊ မရရှိမည်ကို လုံးဝမသိရခြင်းကြောင့် တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ပုဂ္ဂိုလ်အချို့က ရှင်းလင်းစွာ သိလိုပါကြောင်း အကူအညီ တောင်းခံလာပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်မှာ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ယခုအချိန်အထိ ခံစားခွင့်မရရှိသေးသည့် ကိစ္စအတွက် မည်သို့ ဆောင်ရွက်ထားသည်။ မည်သည့်အချိန်တွင် ထုတ်ပေးသွားမည်တို့ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာ ဆန္ဒပြုရွေးချယ်မဲပေးနိုင်ရေးအတွက် နောင်လာမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ်ကတ်ပြားပေါ်၌ ရွေးကောက်ပွဲဝင် ပါတီတံဆိပ်နှင့် ကိုယ်တစ်ပိုင်းပါ ဓာတ်ပုံများ ပြောင်းလဲထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မှတ်ပုံတင်ကြေးအား တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာ ဆန္ဒပြုရွေးချယ် မဲပေးနိုင်ရေးအတွက် နောင်လာမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ်ကတ်ပြားပေါ်၌ ရွေးကောက်ပွဲဝင် ပါတီတံဆိပ်နှင့် ကိုယ်တစ်ပိုင်းပါ ဓာတ်ပုံများ ပြောင်းလဲထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မှတ်ပုံတင်ကြေးအား တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ကြတဲ့ နိုင်ငံတိုင်းသည် ရွေးကောက်ပွဲများကို ရင်ဆိုင်ကျော်ဖြတ်ရသကဲ့သို့ ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုသည်မှာ နောင်ကျင်းပမည့် ရွေးကောက်ပွဲများ၏ ဆန္ဒပြုလက်မှတ်များတွင် ရွေးကောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်တစ်ပိုင်း ဓာတ်ပုံများ ထည့်သွင်းပေးရန်နှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ မှတ်ပုံတင်ကြေးအား တိုးမြှင့်သတ်မှတ်ပေးနိုင်မည့် ကိစ္စများနှင့် စပ်လျဉ်းသည့် မေးခွန်းပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတွင် ရွေးကောက်ပွဲ အတွေ့အကြုံနှင့် ကင်းကွာခဲ့ရခြင်း၊ စာတတ်မြောက်မှု နိမ့်ကျရခြင်းတို့ကြောင့် အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်ရာ နေရာများတွင် မဲပေးလိုသည့် ပုဂ္ဂိုလ်အား ရွေးချယ်ရမည့်အစား ပါတီတံဆိပ်ကိုသာ အလွယ်တကူ ရွေးချယ်မဲပေးရခြင်းမျိုးကြောင့် ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်နေသကဲ့သို့ ကြုံတွေ့နေရမည် ဖြစ်ပါတယ်။ ပါတီတံဆိပ်ကို စာမတတ်သူမှ အလွယ်တကူ မြင်ကြည့်နိုင်သော်လည်း ရွေးကောက်ခံမည့် ပုဂ္ဂိုလ်ကို မည်သူမည်ဝါဖြစ်ကြောင်း စာမဖတ်တတ်သဖြင့် ပါတီတံဆိပ်ကိုသာ ကြည့်ပြီး မဲပေးရခြင်းမျိုးပင်ဖြစ်ပါတယ်။ မည်သည့် မဲဆန္ဒရှင်မဆို မိမိဒေသ၊ ရပ်ရွာကောင်းကျိုး သယ်ပိုးဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်၊ သယ်ပိုးဆောင်ရွက်ပေးနိုင်မည်ဟု ယူဆသော ပုဂ္ဂိုလ်သာ ရွေးချယ်ပြီး မဲပေးကြမည် ဖြစ်ပါတယ်။ ယခု သတ်မှတ်ထားသောနှုန်းထား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မှတ်ပုံတင်ကြေးဟာ အလွန်နည်းပါးသည့်အတွက်ကြောင့် တချို့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများက ငွေကျပ်(၃၀၀၀၀၀)ဖြင့် လွှတ်တော်ကိုယ်စားလှယ်ရာထူးကို အလောင်းအစား ပြုသည့်သဘော ပေါ့ပျက်ပျက် ဆောင်ရွက်ခဲ့တာကိုလည်း တွေ့မြင်ရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲမှတ်ပုံတင်ကြေးအား ပြောင်းလဲသတ်မှတ်ရန် လိုအပ်မည်ဟု ထင်မြင်ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲ အသုံးစရိတ်နဲ့ အချိန်ယူ ဆောင်ရွက်ရမှုတို့ လုံလောက်မည်ဆိုပါက လာမည့်ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ရွေးကောက်ပွဲကြီးတွင် အပြောင်းအလဲတစ်ခုအဖြစ် ဖြေရှင်းနိုင်စေရန် အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။

(၁) မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာ ဆန္ဒပြုမဲပေးနိုင်ရေးအတွက် နောင်လာမည့်ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ် ကတ်ပြားပေါ်၌ ရွေးကောက် ပွဲဝင် ပါတီတံဆိပ်နှင့် ကိုယ်တစ်ပိုင်းဓာတ်ပုံများ ပြောင်းလဲထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မှတ်ပုံတင်ကြေးအား တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်းအစီအစဉ်ကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးအောင်မြင့် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ကနဦးဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးရဲ့ မေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုယ်စား ဦးအောင်မြင့် ကျွန်တော်အဖွဲ့ဝင်က ဖြေကြားပေးပါမယ်။

ပထမမေးခွန်းက မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ရဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းရဲ့ အဓိက ဆိုလိုချက်ကတော့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်မှာ တာဝန်ယူပေးကြတဲ့ ပြည်သူလေးစားယုံကြည်သော ဝန်ထမ်းမဟုတ်တဲ့ အဖွဲ့ဝင် ပုဂ္ဂိုလ်များရဲ့ လစဉ်စရိတ်နဲ့ ချီးမြှင့်ငွေ ရရှိခြင်း မရှိသေးတဲ့ ကိစ္စကို ဘယ်အချိန်မှာ ခွင့်ပြုပေးနိုင်မလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒါနဲ့ စပ်လျဉ်းလို့ ဦးအောင်ကြည်ညွန့် တင်ပြခဲ့တဲ့ နှုန်းထားတွေအတိုင်း ဆောင်ရွက်ခဲ့တာမှန်ပါတယ်။ အဲဒီလို ဆောင်ရွက်နေတဲ့ အချိန်မှာပဲ ချီးမြှင့်ငွေ ဘယ်လောက်ပေးမလဲ။ အဖွဲ့ဝင် အရေအတွက် ဘယ်လောက်ထားမလဲ။ ရွေးကောက်ပွဲကာလ နီးတာနဲ့ ဝေးတာနဲ့ ဒါတွေကို ချိန်ပြီးတော့ ကုန်ကျမယ့်စရိတ်တွေ အစိုးရအဖွဲ့ကို တင်ရပါတယ်။ နောက်စီမံဘဏ္ဍာဝန်ကြီးဌာနကို တင်ရပါတယ်။ အဲဒီလိုတင်တဲ့အခါမှာ စီမံဘဏ္ဍာဝန်ကြီးဌာနက ကျွန်တော် ရှည်ရှည်ဝေးဝေးဖြစ်မှာစိုးလို့ အတိုချုပ်ဖြေကြားရရင် နောက်ဆုံးရောက်ရှိခဲ့တဲ့စာ မတ်လ(၂၈)ရက်၊ ၂၀၁၆ က ပေးပို့တဲ့စာမှာ နောင် အစိုးရလက်ထက်မှသာ တင်ပြဆောင်ရွက်သွားရန်ဆိုပြီးတော့ ဘဏ္ဍာ-၂/၂/၃၁၀ (၂၈၁၀/၂၀၁၆)နဲ့ ပြန်ကြားတဲ့အတွက် ကျွန်တော်တို့ကယခုလက်ရှိအစိုးရဆီကို ပြန်လည်တင်ပြပြီးတော့ရင် ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒါအမြန်ဆုံး အစိုးရအဖွဲ့နဲ့ စီမံဘဏ္ဍာ ကနေပြီးတော့ ခွင့်ပြုချက်ရတဲ့အချိန်မှာ ဒီအတိုင်းပဲ ကျွန်တော်တို့ လစာစရိတ်တွေကို ချီးမြှင့်နိုင်ဖို့ ဆောင်ရွက်ပါမယ်လို့ တင်ပြလိုပါတယ်။

နောက် ဒုတိယမေးခွန်းက ကျွန်တော်တို့ ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ မေးခွန်းပါ။ သူ့မေးခွန်းမှာ နှစ်ပိုင်း ပါပါတယ်။ ပထမတစ်ပိုင်းက မဲလက်မှတ်မှာ ပါတီ (Logo) အပြင် ကိုယ်စားလှယ်လောင်းရဲ့ ကိုယ်တစ်ပိုင်း ဓာတ်ပုံကိုပါ ထည့်သွင်းဖော်ပြပေးနိုင်ခြင်း ရှိ/မရှိနဲ့ ဒုတိယတစ်ပိုင်းကတော့ ဒီကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ တင်ပြလျှောက်ထားတဲ့အခါမှာ ကျွန်တော်တို့ ပေးရမယ့် မှတ်ပုံတင်ကြေး တိုးမြှင့်ဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ (၂)ခုပဲ ဖြစ်ပါတယ်။

ပထမတစ်ခုကတော့ ကျွန်တော်တို့ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းက (၃၀၆၉)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ နောက် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲမှာတော့ လွှတ်တော်ကိုယ်စားလှယ်လောင်း (၆၀၃၈)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီလို ဝင်ရောက်အရွေးခံကြတဲ့အခါမှာ ကျွန်တော်တို့ ကော်မရှင်အနေနဲ့လုပ်ပေးရတဲ့ဟာက လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်စာရင်းတင်သွင်းလွှာကို အရည်အချင်းနဲ့ ညီညွတ်ခြင်း ရှိ/မရှိ ဆိုတဲ့ စိစစ်တဲ့အလုပ်ကို လုပ်ရပါတယ်။ အဲဒီစိစစ်တဲ့အလုပ်နဲ့ မဲဆန္ဒနယ်အလိုက် အဆင်ပြေသွားပြီဆိုတဲ့အချိန်ကျတော့မှ ကျွန်တော်တို့ မဲလက်မှတ်ကိုလုပ်ရပါတယ်။ အဲဒီအချိန်နှစ်ခုသည် အလွန်နီးကပ်ပါတယ်။ အလွန်နီးကပ်တဲ့အခါကျတော့ မဲစာရင်း မဲလက်မှတ်မှာ ကိုယ်တစ်ပိုင်းဓာတ်ပုံ တစ်ယောက်ယောက်ရဲ့ ဓာတ်ပုံကို တစ်နေရာရာမှာ မှားယွင်းဖော်ပြလိုက်မိတာနဲ့ အဲဒါကို ပြန်ပြင်ဖို့အချိန် အများကြီး အခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တင်ပြဖြေကြားလိုတာကတော့ ကိုယ်စားလှယ်လောင်းရဲ့ ကိုယ်တစ်ပိုင်း ဓာတ်ပုံ ထည့်သွင်းဖော်ပြဖို့ဆိုရင်တော့ ကော်မရှင်မှာ အခက်အခဲအနည်းငယ်ရှိပါမယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပေးရတဲ့အာမခံကြေးဖြစ်ပါတယ်။ ဒီ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှာတုန်းကတော့ ကျွန်တော်တို့ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၈ (ဂ)အရ ရွေးကောက်ပွဲဝင်ခွင့်အာမခံကို(၅)သိန်းပေးသွင်းခဲ့ပါတယ်။ အဲဒီ (၅)သိန်းပေးသွင်းစေခဲ့တာကိုလည်းပဲ အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရရင်ပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲမတိုင်မီ လွှတ်တော်ကိုယ်စားလှယ်လောင်း ကွယ်လွန်သွားရင်ပဲဖြစ်ဖြစ် နည်းဥပဒေ ၃၇ အရ ပြန်ထုတ်ပေးပါတယ်။ ၂၀၁၅ မှာတော့ အဲဒီလိုအပြင် ကျွန်တော်တို့ခိုင်လုံမဲရဲ့ (၈)ပုံ(၁)ပုံနဲ့အထက် ရတဲ့ကိုယ်စားလှယ်လောင်းကိုလည်းပဲ အဲဒီအာမခံကို ပြန်ထုတ်ပေးပါတယ်။ ဒီဥပဒေ ၃၈ အရ ဒီလိုဆောင်ရွက်နေတဲ့ အခြေအနေမျိုးမှာတော့ ကျွန်တော်တို့ ခုထိပေါ့လေ။ ခုထိ (၅)သိန်းကနေပြီးတော့ (၃)သိန်းလို့ အဲဒီ ၂၀၁၅ မှာတော့ အာမခံကြေးကိုချပေးခဲ့ပါတယ်။ အဲဒီချပေးခဲ့တာလည်းပဲ နိုင်ငံရေးပါတီထဲကနေပြီးတော့ တင်ပြလာတဲ့အတွက် ကော်မရှင်က နည်းဥပဒေပြင်ပြီးတော့ ၁၈(ဂ)ကို နည်းဥပဒေပြင်ပြီးတော့ လျှော့ပေးခဲ့တာပဲဖြစ်ပါတယ်။ တကယ်လို့ လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်များအသီးသီးကနေပြီးတော့ ဒါကိုတိုးမြှင့်ပေးပါလို့ ဆိုပြီးတော့ ဆိုရင်လည်းပဲ ကျွန်တော်တို့ ဒါက တိုးမြှင့်ပေးဖို့ လွယ်ပါတယ်။ နည်းဥပဒေကို ပြင်ရတာပဲ ခက်ပါတယ်။

အဲဒီတော့ ဒါအခု ပထမတစ်ခါတုန်းက (၅)သိန်းကနေ(၃)သိန်းတုန်းကလည်းပဲ နိုင်ငံရေးပါတီတွေက တင်ပြခဲ့လို့ပဲ ဖြစ်ပါတယ်လို့ ကျွန်တော် ဖြေရှင်းလိုပါတယ်။ အဲဒီတော့ အားလုံးအဖြေကို ဦးကျော်နီနိုင်ရဲ့အဖြေကို ကျွန်တော် ဖြေကြားရလို့ရှိရင် ဆန္ဒမဲလက်မှတ်မှာ ကိုယ်စားလှယ်လောင်းရဲ့ဓာတ်ပုံ ကိုယ်တစ်ပိုင်းဓာတ်ပုံ ထည့်သွင်းဖို့ဆိုရင်တော့ ကော်မရှင်အနေနဲ့ အချိန်အကန့်အသတ်လေးတစ်ခု လုပ်ငန်းစဉ်နှစ်ခုရဲ့ အချိန်အကန့်အသတ်လေးတစ်ခုပေါ့ နှစ်ခုဟာ သိပ်ပြီးတော့ Risk ဖြစ်တဲ့အတွက် ဓာတ်ပုံဖော်ပြရမယ့်ကိစ္စမှာတော့ အခက်အခဲ ရှိပါတယ်။ အာမခံကြေးကိစ္စကတော့ဖြင့် ကျွန်တော်တို့ နိုင်ငံရေးပါတီများနဲ့ လွှတ်တော်က ဆန္ဒရှိတယ်ဆိုရင် ကျွန်တော်တို့ နည်းဥပဒေမှာ ပြင်ပေးလို့ရပါတယ်လို့ ဖြေကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဖြေကြားသွားတဲ့အခါမှာ အစိုးရ နဲ့ ကျွန်တော် စီမံဘဏ္ဍာနဲ့ကနေပြီးတော့ ပြန်ရလာတဲ့အခါမှာ ခုန ကျွန်တော်တင်ပြသွားခဲ့တဲ့ သတ်မှတ်ထား တဲ့စရိတ်တွေအတိုင်း ပေးဆောင်သွားရန်စီစဉ်သွားမယ်လို့ ဖြေကြားသွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ကျွန်တော် သိလိုတဲ့အချက်က အဲဒီလိုတင်ပြပြီးတော့ ပေးသွားမယ်ဆိုတာ အခု ဒီအချိန်ကနေစပြီး နောက်မှဖွဲ့မယ့် ကော်မရှင်တွေကိုပေးမှာလား။ အခုလက်ရှိ ပြီးခဲ့တဲ့ ကျွန်တော်တို့ ရွေးကောက်ပွဲကာလမှာ ဆောင်ရွက်ခဲ့တဲ့ ကော်မရှင်အဖွဲ့ခွဲဝင်တွေအတွက်ကိုပါ ပြန်လည်ထုတ်ပေးဖို့ စဉ်းစားမှာလား ဆိုတာလေး ရှင်းရှင်းလင်းလင်း သိချင်တဲ့အတွက် ဆက်တွဲမေးခွန်းလေး မေးပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ဖြေကြားပေးခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးအထူးပင်တင်ရှိပါတယ်ခင်ဗျား။ ဆက်လက်ပြီး ရွေးကောက်ပွဲအပြီး လွှတ်တော်

ကိုယ်စားလှယ်လောင်းများ၏ အနိုင်/အရှုံး မဲရလဒ်နဲ့ပတ်သက်၍လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ငွေကျပ်(၅)သိန်းသွင်းရန်နဲ့ အကျိုးအကြောင်း မခိုင်လုံဘဲနဲ့ တိုင်ကြားနေခြင်းသည် မလိုလားအပ်သော ရှုပ်ထွေးမှု၊ အငြင်းပွားမှု၊ ဂုဏ်သိက္ခာ ထိခိုက်မှုများ ဖြစ်ပေါ်နေသောကြောင့် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ အလေးအနက်ထား ဆုံးဖြတ်သင့်ပါတယ်။ ရွေးကောက်ပွဲအပြီး လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အနိုင်/အရှုံး ရလဒ်များအပေါ် မကြေလည်သည့်တိုင်ကြားမှုနှင့် ပတ်သက်၍ မလိုလားအပ်သော တိုင်ကြားမှုများ မဖြစ်ပေါ်စေရန်အတွက် တိုင်ကြားမှုနှုန်းထားများနှင့် နစ်နာကြေးများ တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်ကို သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးအောင်မြင့် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ စပ်လျဉ်းလို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ စိတ်ပါဝင်စားစွာ မေးမြန်းမှုအတွက် အထူးပဲ ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ပထမ ထပ်ဆင့်မေးခွန်း ဖြစ်တဲ့ ဦးအောင်ကြည်ညွန့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်ရဲ့မေးခွန်းကို ကျွန်တော်တို့လည်း ဆောက်ရွက်ခဲ့ရတဲ့အချိန် အလွန်တိုတောင်းပါတယ်။ အလွန်တိုတောင်းတဲ့ အထဲကနေပြီးတော့ ရရှိသလောက်လေ့လာထားတာမှာ အရင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှာ တာဝန်ယူပေးခဲ့ကြတဲ့ ပြည်သူလေးစားကြည်ညိုသောဆိုတဲ့ ပြည်သူ့ဝန်ထမ်းမဟုတ်တဲ့ပုဂ္ဂိုလ်က (၆)ဦးစီ ရှိပါတယ်။ အခု အဲဒီလို (၆)ဦးစီရဲ့အစား ကျွန်တော်တို့ စာသွားစာလာတွေနဲ့ အရင် ပြည်ထောင်စု ကော်မရှင်က ဆောင်ရွက်ခဲ့တဲ့စာသွားစာလာတွေ ကို ကြည့်တဲ့အခါမှာ အနည်းဆုံးအရေအတွက်စပြီး ဖွဲ့စည်းမယ်။ နောက် အနည်းဆုံးအရေအတွက် ဖွဲ့စည်းပြီးတော့ လုပ်ငန်းသဘောအရ ကြားဖြတ်ဖြစ်စေ၊ အထွေထွေ ရွေးကောက်ပွဲကြီးတစ်ခုအရဖြစ်စေ ရှိလာတဲ့အခါမှာ အဖွဲ့ဝင်ဦးရေ တိုးပါမယ်။

ဒါလည်းပဲ နိုင်ငံတော်ရဲ့ ဘဏ္ဍာကို ခြိုးခြံချွေတာပြီးတော့ သုံးတဲ့အနေနဲ့ပဲဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ဖို့လို့ဆိုပြီး တင်ပြထားတာဖြစ်တဲ့အတွက် ဒီစာသွားစာလာများအရ ဘတ်ဂျက်ခွင့်ပြုမိန့်ရတယ်ဆိုရင်လည်းအရင်ဟာကိုတော့ ခွင့်ပြုချက်တောင်းလို့ရမှာ မဟုတ်ပါဘူး။ ခွင့်ပြုချက်ရပြီဆိုတဲ့အခါမှာ ကျွန်တော်တို့ နောက် ခွင့်ပြုချက်ရတဲ့အချိန်မှာ ရှိလာမယ့် ကော်မရှင်အဖွဲ့ခွဲငယ်များအတွက်တော့ဖြင့် ထောက်ပံ့ကြေး ရရှိမှာပဲ ဖြစ်ပါတယ်။ အရင်ဟာကိုတော့ ကျွန်တော်တို့ ပြန်ပေးနိုင်မယ့်အခြေအနေ မရှိပါဘူးလို့ ပထမမေးခွန်းကို ဖြေကြားလိုပါတယ်။

နောက် ဦးကျော်နီနိုင်ရဲ့ ဒုတိယ ထပ်ဆင့်မေးခွန်းဖြစ်ပါတယ်။ ဒုတိယ ထပ်ဆင့်မေးခွန်းမှာတော့ ကျွန်တော်တို့ အာမခံကြေးပေးသွင်းထားတဲ့အပေါ်မှာ မလိုလားအပ်တဲ့ကန့်ကွက်မှုတွေနဲ့ ထုတ်ပေးဖို့ ကြန့်ကြာတဲ့ကိစ္စတွေ ဖြစ်စေတယ်ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ရွေးကောက်ပွဲအပြီးလို့ ဖော်ပြထားတာတွေ့ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲမတိုင်မီ ကိုယ်စားလှယ်လောင်းအဖြစ်နဲ့ အမည်စာရင်းတင်သွင်းတဲ့ အခါတုန်းက ပေးရတဲ့မှတ်ပုံတင်ကြေးတစ်ခု ရှိပါတယ်။ အဲဒီအခါမှာတုန်းက ကိုယ်စားလှယ်လောင်းအရည်အချင်း ချို့ငဲ့သလားလို့ ဆိုပြီးတော့ ကန့်ကွက်တာရှိပါတယ်။ အဲဒီကန့်ကွက်မှုကိုမေးမြန်းတယ်လို့ ကျွန်တော် မထင်ပါဘူး။ ရွေးကောက်ပွဲအပြီးလို့ဆိုတဲ့အတွက် ရွေးကောက်ပွဲရလဒ်များကိုကြေငြာပြီးတဲ့အခါကျမှ ကန့်ကွက်တယ်ဆိုတဲ့ အခြေအနေဖြစ်တယ်လို့ထင်ပါတယ်။ အဲဒါဆိုရင်တော့

ရွေးကောက်ပွဲ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆၊ ၆၈ နဲ့ ၇၁ တို့အရဖြစ်တဲ့ တရားမဲ့ပြုကျင့်မှုများ နဲ့ လွတ်လပ်၍တရားမျှတတဲ့ ရွေးကောက်ပွဲ မဖြစ်ခဲ့ဘူးလို့ဆိုတဲ့ အကြောင်းပြချက်များနဲ့ ကန့်ကွက်တာပဲ ဖြစ်ပါတယ်။ အဲဒီလိုကန့်ကွက်ရင်တော့ဖြင့် ခုံရုံးနဲ့ ဆက်လက်ပြီးတော့ဆောင်ရွက်ရပါတယ်။ အဲဒီလို ခုံရုံးနဲ့ ဆက်လက်ဆောင်ရွက်တဲ့အခါမှာ အရှုံး/အနိုင် ဆုံးဖြတ်တဲ့အခါမှာ ကျွန်တော်တို့ တရားစရိတ်ထည့် သွင်းပြီးတော့ချမှတ်ပေးရပါတယ်။ အဲ ဦးကျော်နီနိုင် မေးမြန်းတဲ့မေးခွန်းဖြစ်တဲ့ ဒီလို အကြောင်းမဲ့ မသမာမှုများရှိရင် တရားမဲ့တယ်လို့ မဟုတ်တမ်းတရမ်း စွပ်စွဲခဲ့ရင် တကယ်တရားမဲ့နဲ့ရရင် စတဲ့ အခြေအနေမျိုးကျရင် တရားစရိတ်မှာ ထည့်သွင်းပြီးတော့ အမိန့်ချမှတ်ပေးခြင်းအားဖြင့် ကုစားပေးသင့် ပါတယ်လို့ တင်ပြလိုပါတယ်။

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က ပြည်သူ့ ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့ကောင်စီ ဥပဒေ (ဥပဒေ အမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုအား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြု ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ ၁၉၇၄ ခုနှစ်က ပြဋ္ဌာန်းထားခဲ့တဲ့ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄) အဲဒီဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးပေးဖို့ အဆိုတင်သွင်းတာပဲ ဖြစ်ပါတယ်။ အဆိုတင်သွင်းရတဲ့ ရည်ရွယ်ချက်နဲ့ အကျိုးအကြောင်းဖော်ပြချက်ကို ကျွန်တော်ဆက်လက်တင်ပြပါမယ်။ ဒီဥပဒေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီလျော်ကန်ခြင်း မရှိတော့ တာကတစ်ကြောင်း၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ပုံ ပုံစံအဆင့်ဆင့် ပြောင်းလဲလာပြီဖြစ်တာက တစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးနေပြီဖြစ်တဲ့အတွက် ခေတ်ကာလအခြေအနေနဲ့ လိုက်လျော

ညီထွေမရှိတော့တာကတစ်ကြောင်း စတဲ့အကြောင်းပြချက်တွေကြောင့် ဒီဥပဒေကြမ်းကို ကျွန်တော် တင်သွင်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးပြူးလွင်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးခင်ဗျား။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြူးလွင် ဖြစ်ပါတယ်။ ခုနက ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ရုပ်သိမ်းဖို့ တင်ပြဆွေးနွေးသွားတဲ့ ပြည်သူ့ ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄) ရုပ်သိမ်းဥပဒေကြမ်းကို ကျွန်တော့်အနေနဲ့ ထပ်ဆင့်ပြီးတော့မှ ထောက်ခံတင်ပြ ဆွေးနွေးပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါ့မယ်။

ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးဇော်မင်း တင်သွင်းတဲ့ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာ့တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေတဲ့ တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA တပ်မတော်ကို နိုင်ငံရေးအရဆွေးနွေးပွဲသို့ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီး အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင် က အရေးကြီးအဆိုတစ်ရပ် တင်သွင်းလိုကြောင်း ဥက္ကဋ္ဌထံ တင်ပြလာပါတယ်။ ယခု ဦးဝေစိန်အောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ဖြစ်ပါတယ်။ အခု ကျွန်တော် အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းသွားဖို့ ဖြစ်ပါတယ်။

ကျွန်တော် တင်သွင်းမယ့် အရေးကြီးအဆိုကတော့ မြန်မာ့တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း အခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေတဲ့ တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီး အဆိုဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ကစလို့ တစ်ကျော့ပြန်ဖြစ်ပေါ်လာတဲ့ မြန်မာ့တပ်မတော်နဲ့ AA တပ်မတော်တို့အကြား တိုက်ပွဲတွေကြောင့် ရခိုင်ပြည်နယ်အတွင်း ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တွေနဲ့ ကျေးရွာအချို့မှ ရွာသူရွာသားအချို့ Porter ဆွဲခံရ၊ တချို့သေဆုံးရ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ အပါအဝင် ရာထောင်ချီသော အပြစ်မဲ့ပြည်သူများ၊ စစ်ပြေးရှောင် ဒုက္ခသည်များအဖြစ် တိမ်းရှောင်ထွက်ပြေးနေကြရတာ ကြားသိတွေ့မြင်နေရပါတယ်။

မြန်မာ့တပ်မတော်မှ ယာယီတပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိစစ်သည်များ တိုက်ပွဲအတွင်း အသက်ဆုံးရှုံးရကြောင်းလည်း အစိုးရထုတ်သတင်းစာများထဲတွင် ဖော်ပြပါရှိ၍ သိရှိရပါတယ်။ တိုက်ပွဲတစ်ခုဖြစ်ပွားတယ်ဆိုရင် နှစ်ဖက်စလုံး ဆုံးရှုံးရသည်သာမက ပြည်သူများမှာလည်း မြေစာပင် ဘဝ ရောက်ခဲ့ကြရပါတယ်။ တိုက်ပွဲများသည် ယနေ့အထိ ဖြစ်ပွားနေဆဲလည်း ဖြစ်ပါတယ်။ စစ်ပွဲဒေသများအတွင်း အပြစ်မဲ့ပြည်သူများ၊ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရ၊ လယ်ယာမြေများကို စွန့်ပစ်ထွက်ပြေးခဲ့ရ၊ စားရမဲ့သောက်ရမဲ့ဘဝဖြင့် လူသားများခံနိုင်ရည်မစွမ်းနိုင်သော ဧပြီလ၊ မေလ တို့ရဲ့ ထူးကဲလွန်အပူ နေပူကျဲကျဲအောက်တွင် ဒုက္ခသည်စခန်းများရှိရာသို့ ထွက်ပြေးလာရသည်မှာ မဖြစ်သင့် မဖြစ်ထိုက်သော လူသားအခြေအနေများ ဖြစ်ပါတယ်။ အဲဒီအခြေအနေများကို ကုသဖို့ ချက်ချင်းဆို ချက်ချင်း တိုက်ပွဲများ ရပ်စဲဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည် လွတ်လပ်ရေးနဲ့အတူ ပေါက်ပွားလာသော ပြည်တွင်းစစ်ကြောင့် နှစ်ပေါင်း(၇၀)နီးပါး မြန်မာပြည်တစ်ဝန်း၊ မြန်မာပြည်သူပြည်သားများ စစ်ဘေးဒုက္ခပင်လယ်ဝေခဲ့ရပါတယ်။ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတ၊ နအဖခေတ်အဆက်ဆက်မှာလည်း ဒီ ပြည်တွင်းစစ်ရပ်စဲရေးအတွက် အစိုးရက ဆွေးနွေးပွဲတွေ လုပ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင် ပဋိပက္ခတွေကို ဖြေရှင်းမပေးနိုင်ခဲ့ပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်တပ်များ တစ်ခေတ်ပြီးတစ်ခေတ်တိုးပွားလာတာကိုသာ တွေ့မြင်နေရပါတယ်။ အဓိကအချက်ကတော့ မြန်မာ့လွတ်လပ်ရေးကို နယ်ချဲ့တို့ထံမှ တိုင်းရင်းသားတွေ စုပေါင်းတိုက်ခိုက်ယူလာခဲ့တုန်းက ပေးခဲ့တဲ့ကတိကဝတ်များကို အုပ်ချုပ်သူအစိုးရ အဆက်ဆက်က အကောင်အထည်မဖော်ခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒီကတိကဝတ်တွေကတော့ ပြည်ထောင်စုမြန်မာနိုင်ငံကို ဖွဲ့စည်းတည်ထောင်ရာမှာချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ကတိကဝတ်များကို အကောင်အထည်မဖော်လို့ ဖြစ်ပါတယ်။ မဖော်သေးလို့လည်း ဖြစ်ပါတယ်။ အဲဒီစာချုပ်များပါ ကတိကဝတ်တွေကို တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်တွေကို မရလို့ဖြစ်ပါတယ်။ AA လက်နက်ကိုင်အဖွဲ့ကလည်း တိုင်းရင်းသားလူမျိုးများ တန်းတူရေး၊ ရခိုင်တို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းရေးဆိုတဲ့ လူမျိုးတစ်မျိုးရဲ့ ရပိုင်ခွင့်တွေကို တောင်းဆိုတိုက်ပွဲဝင်နေတယ်လို့ ကြေညာထားတာ တွေ့ရပါတယ်။ ဒါကြောင့် အခုဖြစ်ပွားနေတဲ့တိုက်ပွဲဟာ နိုင်ငံရေး အခွင့်အရေးရရှိရေး တိုက်ပွဲလို့ မြင်ပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးမှုရှိမှသာ ပြေလည်နိုင်မယ်လို့ မြင်ပါတယ်။ နိုင်ငံရေးဖြေရှင်းမှ ထာဝစဉ်ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ပေါ်လာမည်လို့မြင်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲချင်း ချေမှုန်းနိုင်ရုံနဲ့ ဒီပဋိပက္ခဟာ ထာဝစဉ်ရပ်စဲသွားမှာ မဟုတ်ဘူးဆိုတာ မြန်မာ့သမိုင်းက သက်သေပြထားပြီးဖြစ်ပါတယ်။

လူမျိုးတိုင်း လူမျိုးတိုင်းမှာ မျိုးဆက်ဆိုတာ ရှိပါတယ်။ မျိုးချစ်စိတ်ဆိုတာလည်း ရှိတာပါပဲဖြစ်ပါတယ်။ ဒီပကတိတရားတွေကြောင့် AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ စာချုပ်လက်မှတ်ရေးထိုး ဆွေးနွေးပွဲသို့ ဖိတ်ခေါ်ဖို့ လိုအပ်ပါတယ်။ ၂၁ ရာစု ပင်လုံညီလာခံတွင် တိုင်းရင်းသားအခွင့်အရေး ဖြေရှင်းနိုင်အောင်အထိ AA လက်နက်ကိုင်အဖွဲ့ကို ခေါ်ယူဆွေးနွေးရမှာ ဖြစ်ပါတယ်။ အဲဒါမှ အမျိုးသားရင်ကြားစေ့ရေးကို ဖြစ်နိုင်မှာဖြစ်ပြီး ရေရှည်ငြိမ်းချမ်းရေး၊ ထာဝစဉ်ငြိမ်းချမ်းရေးကိုလည်း ရရှိလာမည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့ ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေတဲ့ တိုက်ပွဲများကို ချက်ချင်းဆို ချက်ချင်း ရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်ဆွေးနွေးရန် လိုအပ်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အရေးကြီး အဆိုတစ်ရပ်ကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ခုနက ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင် တင်သွင်းသွားတဲ့ မြန်မာ့တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားလာတဲ့ စစ်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သား ကိုယ်စားလှယ်များ ဘာပြောစရာ ရှိသေးလဲ။

**အချိန်၊ ၁၀း၄၁။**

**ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုရှင် တင်သွင်းသွားတဲ့အထဲမှာ ကျွန်တော်တို့ AAတပ်မတော်ကို ဆိုပြီးတော့မှ သုံးနှုန်းသွားတာ ရှိပါတယ်။ ကျွန်တော်တို့ တပ်မတော်တစ်ရပ်တည်း ရှိပါတယ်။ AAအဖွဲ့အစည်းဟာ သောင်းကျန်းသူ အဖွဲ့အစည်းသာလျှင် ဖြစ်ပါတယ်။ တပ်မတော်လို့ သုံးနှုန်းလိုက်ခြင်းဟာ အဖွဲ့အစည်းကို ဒါအသိအမှတ်ပြုတဲ့ အနေအထားဖြစ်တဲ့အတွက် ဒီအသုံးအနှုန်းကိုလည်း ကန့်ကွက်ပါတယ်။ လုံးကောက်ကနေ ပယ်ဖျက်ပေးဖို့ တင်ပြလိုပါတယ်။ နောက်တစ်ခုက ဒီဆွေးနွေးချက်ထဲမှာ Porter တွေ ဆွဲတယ်ဆိုတဲ့ အသုံးအနှုန်း သုံးသွားပါတယ်။ Porter တွေ ဆွဲတာက ကျွန်တော်တို့ တကယ်တမ်း မြေပြင်မှာ ဆောင်ရွက်ခြင်း မရှိပါဘူး။ ဒီဟာနဲ့ပတ်သက်လို့လည်းပဲ အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်သိက္ခာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် နည်းဥပဒေ ၁၅၉ (ခ)အရ အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်။ နောက်တစ်ခုက တင်ပြချက်တွေနဲ့ ပတ်သက်လို့ရှိရင် အထောက်အထား ခိုင်ခိုင်လုံလုံ ခိုင်ခိုင်မာမာနဲ့ တင်ပြပြောဆိုနိုင်ဖို့ လိုပါတယ်။ ဒါက AA အဖွဲ့အစည်းနဲ့ပတ်သက်လို့ရှိရင်လည်း NCA အဖွဲ့အစည်းနဲ့ တွေ့ဆုံပြီးတော့မှ ဆွေးနွေးဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအဖွဲ့နဲ့ ဆက်လက်ဆွေးနွေးပြီးတော့မှ ဆောင်ရွက်ရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ ကျွန်တော်တို့ အရေးကြီးအဆိုအဖြစ် ဆောင်ရွက်ခြင်းမပြုဘဲနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီသာလျှင် ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းကနေပြီးမှ ဆက်လက်ဆောင်ရွက်ရန်သင့်ကြောင်း လေးစားစွာ တင်ပြပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုပြုချက်ကို ငြိမ်းချမ်းရေးအားဖြင့်သာ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမယ်ဆိုတာက ဒါက ကျွန်တော်တို့ တပ်မတော်အနေနဲ့လည်း ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နဲ့ နိုင်ငံတော်အစိုးရကိုယ်တိုင်ကလည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ထားပြီးတော့ ကျွန်တော်တို့ တိုင်းပြည်တစ်ခုလုံး အေးချမ်းသာယာပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်အောင် ရည်မှန်းချက်ထား ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါ လျစ်လျူရှုထားတဲ့ သဘောမဟုတ်ပါဘူး။ ယခုဖြစ်တဲ့ အကြောင်းအရာကို ပြန်လည်ဆန်းစစ်မယ်ဆိုရင် ကျွန်တော်ဟာဆိုရင် ၂၀၁၂၊ ၂၀၁၃ မှာ

ဘူးသီးတောင် အခြေစိုက် အမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်ရဲ့ တပ်မမှူးတာဝန် ထမ်းဆောင်နေတာဖြစ်ပါတယ်။ ဒီ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်ကာလမှာ အခု AA လို့ အမည်ခေါ်တွင်တဲ့ လက်နက်ကိုင်တစ်ယောက်မှ မရှိပါဘူး။ ဒီနောက်ပိုင်းမှသာလျှင် ဆက်လက်ပြီးပြောမယ်ဆိုလျှင် ကျယ်ပြန့်တဲ့ သမိုင်းစဉ်၊ ကျယ်ပြန့်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ ဖြစ်သွားမှာ ဖြစ်တဲ့အတွက် ဘယ်လိုပေါ်လာတယ် ဘယ်သူက ထောက်ခံ တယ်၊ ဘယ်လို သယ်လာတယ်။ ဘယ်လို ရောက်လာတယ်။ ဘယ်အချိန်ကမှ စတယ်ဆိုတာ ကျွန်တော် တပ်မမှူးတစ်ယောက်အနေနဲ့ ကောင်းစွာလေ့လာသုံးသပ်ပြီး ဖြစ်ပါတယ်။ သို့ရာတွင် ဒီအချက်အလက်တွေကို မဆွေးနွေးတော့ဘဲနဲ့ အခုတိုင်းရင်းသားကိုယ်စားလှယ်များ ဆွေးနွေးတင်ပြတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ မူအားဖြင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်တွင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာလျှင် အဖြေရှာမယ်ဆိုတာကို လက်ခံပါတယ်။

သို့ရာတွင် ကျွန်တော့်ရှေ့က တပ်မတော်သားကိုယ်စားလှယ် ဆွေးနွေးသွားသလိုပဲ အကြောင်းအခြင်းရာများကို ခိုင်ခိုင်လုံလုံ ဆောင်ရွက်နိုင်မှု နောက် စွပ်စွဲပြောဆိုမှု ဥပမာ ဝန်ထမ်းခေါ်ခြင်း ဒါဆိုလည်း ခေါ်ရင် တပ်သားလို့ အပြတ်အသတ် ပြောပြီးသားပဲ  သတင်းစာမှာ သတင်းတွေမှာ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့  အခုလို လွှတ်တော်မှာ ဥက္ကဋ္ဌကြီး ဦးစီးပြီးတော့  လွှတ်တော် ကိုယ်စားလှယ်များ၊ ဂုဏ်သရေရှိ ကိုယ်စားလှယ်များ အားလုံးကျင်းပနေတဲ့အချိန် အခုလို TV ဖန်သားပြင်က ပြည်သူတစ်ရပ်လုံး ကြည့်ရှုနေတဲ့အချိန်မှာ TV ဖန်သားပြင်က ပြည်သူတစ်ရပ်လုံးကိုပါ တိုင်တည်ပြီး ကျွန်တော်ပြောလိုတာကတော့ ကျွန်တော်တို့ တပ်အနေနဲ့လည်း ငြိမ်းချမ်းရေးကို အင်မတန် လိုလားပါတယ်။ အစိုးရနဲ့ ပူးပေါင်းပြီးတော့ ငြိမ်းချမ်းရေးရအောင် တည်ဆောက်သွားမှာဖြစ်တဲ့အတွက် အရေးကြီးအဆိုဆိုတာထက် ကျွန်တော်ရှေ့က တပ်မတော်သားကိုယ်စားလှယ် ဆွေးနွေးသလိုပဲ လုပ်ထုံးလုပ်နည်းအရ ကျွန်တော်တို့ အခုသွားနေတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာသာလျှင် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အခု ဦးဝေစိန်အောင် တင်တဲ့ အရေးကြီး အဆိုကတော့ AA တပ်မတော်ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ဖိတ်ခေါ်သင့်ကြောင်း အဆိုဖြစ်ပါတယ်။ ခုနက တပ်မတော်သားကိုယ်စားလှယ် ပြောသလို AA တပ်မတော်ဆိုတာ မရှိဘူးဆိုတဲ့ အကြောင်းလည်း ကျွန်တော်တို့ ဒါကို နုတ်ပေးပါ့မယ်။ AA လက်နက်ကိုင်အဖွဲ့လို့ သတ်မှတ်ပေးပါ့မယ်။  ဒါပေမဲ့ ဒါကတော့ ခုနက အဆို တပ်မတော်ကိုယ်စားလှယ်ကြီးများ ပြောသွားတာတော့ စားပွဲဝိုင်း၊ ဒါပေါ့၊ ဒါကလည်း သိတဲ့အတိုင်းပဲ နိုင်ငံတော် က လုပ်သွားမှာပါ။ ဒါ အခု ကျွန်တော်တို့ လွှတ်တော်အနေနဲ့ကတော့  သူ့ရဲ့ အဆိုကို လက်ခံဆွေးနွေးဖို့ သင့်/ မသင့် မဲခွဲ ဆုံးဖြတ်လိုက်ပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဒီအဆိုဟာ အရေးကြီးအဆို ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများရဲ့ နည်းဥပဒေ ၁၆၄၊ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၂ အရ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သုံးပုံတစ်ပုံက ထောက်ခံလျှင် လက်ခံဆွေးနွေးဖို့ အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကိုရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာမှာ မတ်တတ်ရပ်ပြပါ။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရှိရင်းက (၂၂၁)ဦး ဖြစ်ပါတယ်။ သုံးပုံတစ်ပုံဟာ (၇၄) ဦးဖြစ်ပါတယ်။ အခု မတ်တတ်ရပ်ပြတဲ့ပုဂ္ဂိုလ်က (၉၆)ဦး ဖြစ်ပါတယ်။ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဦးဝေစိန်အောင် တင်သွင်းတဲ့ အရေးကြီး အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

ဦးဝေစိန်အောင် ရဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန် ၃-၅-၂၀၁၆ ရက်နေ့မှာ အရေးကြီးအဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၈) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၀း၄၉ နာရီအချိန်တွင် ရပ်နားပါသည်။]